# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၄၁)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၇–၉–၂၀၁၆ ] ( အင်္ဂါနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါ်စန်းစန်းအိ၊ မိုးညှင်း မဲဆန္ဒနယ်၏ **မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသတွင် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) လက်ဝယ်ရရှိထားပြီး ယခုနှစ် လယ်စိုက်ပျိုး စရိတ်ထုတ်ပေးရာတွင် ကန့်သတ်ခံထားရသော လယ်သမား(၁၂)ဦး အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် ယခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဦးထွန်းဝင်း၊ ကျောက်တော် မဲဆန္ဒနယ်၏ **ကျောက်တော်မြို့နယ် အောက်ပိုင်း ပိန္နဲချောင်း– ကြောင်စွယ်ဖြူ ရွာချင်းဆက် ကမ်းခြေလမ်းမကြီးအား ကတ္တရာလမ်းမကြီးအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်၏ **ဝက်လက်မြို့နယ်ရှိ စိုင်နိုင်ကွေ့– မင်းကျီ– ကျောက်တိုင်– မြင်းသီ– ကွန်ဆိပ်ကျေးရွာလမ်းအား ရာသီမရွေး သွားလာနိုင်သော လမ်းအဖြစ် အဆင့်မြှင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်က တင်သွင်းသည့် **"မိမိနိုင်ငံအတွင်း အလုပ်အကိုင် ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာ နိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း ပြုလုပ်နေမှုများအား နိုင်ငံတော် အစိုးရမှ နှစ်နိုင်ငံအစိုးရချင်း ချိတ်ဆက်၍ အမြန်ဆုံး ထိရောက်စွာ ကူညီပံ့ပိုး ကယ်တင်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီး မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဥ့်ကိုင် မဲဆန္ဒနယ်၊

(ဂ) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၊

(ဃ) ဦးသက်နောင်၊ လဟယ် မဲဆန္ဒနယ်၊

(င) ဦးပေါလ်ဆိုင်း၊ ဒီးမော့ဆို မဲဆန္ဒနယ်၊

(စ) ဦးသန်းလင်းလင်း၊ မယ်စဲ့ မဲဆန္ဒနယ်၊

(ဆ) ဒေါ်ခင်စန္ဒီ၊ လောင်းလုံး မဲဆန္ဒနယ်၊

(ဇ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၊

(ဈ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၊

(ည) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၊

(ဋ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

(ဌ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

(ဍ) ဦးအင်ထုံးခါးနော်ဆမ်၊ မြစ်ကြီးနား မဲဆန္ဒနယ်၊

(ဎ) ဒေါ်နန်းခင်စော၊ ကွန်ဟိန်း မဲဆန္ဒနယ်၊

(ဏ) ဗိုလ်မှူးတင်အောင်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(တ) ဗိုလ်မှူးဟိန်းမင်းထက်၊ တပ်မတော်သားကိုယ်စားလှယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၄၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။